
THE
TWINS
မကော်

စာရေးဆရာ နာမည် - မကေ

စာအုပ်နာမည် - the twins

အပိုင်း (၁)

*

ကျမမှာ အမွှာ ညီမလေးရှိ (ခဲ့ဖူး) ပါတယ် Identical twins ပါ၊

ကျမတို့ အသက် ၆ နှစ်အရွယ်မှာ ကျမတို့မိသားစုစီးလာတဲ့ မြင်းလှည်းကို ကုန်ကားဝင်တိုက်လို့ ညီအမ နှစ်ယောက်လုံးရော အဖွားရော အမေရော ဒဏ်ရာအပြင်းအထန်ရပြီး ဆေးရုံတက်ခဲ့ကြရပါတယ်၊ ကျမရယ် အဖွား ရယ် အမေရယ်က ကံကောင်းထောက်မစွာ အသက်ရှင်ခဲ့ကြပေမဲ့၊ ညီမ လေးကတော့ ကွယ်လွန်ခဲ့ရှာပါတယ်၊

ညီမလေးကို အဖေတို့အမေတို့က ဓလေ့ထုံးစံအတိုင်း ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ပြီး ယခုအချိန်ထိ နှစ်စဥ်ဒါနပြု အမျှအတန်းဝေမြဲ ဖြစ်ပါ တယ်။

ပြဿနာက ညီမလေး ဆုံးသွားပြီဆိုတာကို သိပေမဲ့ ဆေးရုံမှာ သတိ ပြန်လည်လာတဲ့ အချိန်ကတည်းက ညီမလေးကို ကျမ အမြဲမြင်နေရတာပါ ပဲ၊

ကျမက ခြေကျိုး နံရိုးကျိုးခဲ့တာမို့ ညီမလေးရဲ့ စျာပနကို သွားခွင့်မရခဲ့ပါ ဘူး၊ အလှူကို ကျမနဲ့ ဂါဝန်ဆင်တူလေးဝတ်ပြီး သွားခဲ့တဲ့ညီမလေး ...

မြင်းလှည်းပေါ်မှာ ကျမနဲ့မျက်နှာချင်းဆိုင်မှာ ထိုင်ရင်း ရယ်မောစနောက်နေခဲ့တဲ့ ညီမလေးဟာ မြင်းလှည်းထဲကနေ ကတ္တရာလမ်းမပေါ်ကို ခေါင်းနဲ့ထွက်ကျခဲ့တာမို့ နေရာမှာတင် ပွဲချင်းပြီး ကွယ်လွန်ခဲ့ရှာတယ်လို့ လူကြီးတွေပြောလို့ သိခဲ့ရပေမဲ့ ကျမဆေးရုံခုတင်ဘေးမှာ ငေးငေးငိုင်ငိုင် ရပ်နေတဲ့ ညီမလေးကို မြင်နေရတဲ့ကျမမှာ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်ခဲ့ရပါတယ် ...

အဲဒီအချိန်ကစလို့ ညီမလေးဟာ ကျွန်မနဲ့ အမြဲအတူ ရှိနေခဲ့တာပါပဲ ...

ညီမလေးကို မြင်ရကြောင်း၊ ညီမလေး မသေသေးကြောင်း အမေတို့က သူ့ကို ဂရုမစိုက်တော့လို့ အရမ်းဝမ်းနည်းနေပုံရကြောင်း၊ မိဘတွေနဲ့အဖွားကို ကျမ အခါခါ ပြောပြခဲ့ပေမဲ့ အက်စီးဒင့်ကြောင့် ကျမထရော်မာရပြီး ကြောင်သွားပြီလို့ အထင်ခံခဲ့ရပါတယ် ...

တစ်ဦးတည်းကျန်ခဲ့တဲ့ကလေးဆိုပြီး လူကြီးတွေက ကျမကို ဝိုင်းပုံချစ်ကြတာ မျက်နှာ အညိုမခံတာ သည်းသည်းလှုပ်ကြတာတွေကို ခပ်လှမ်းလှမ်းကနေ မျက်ရည်လေးတွေလည်ပြီး ငေးကြည့်နေတတ်တဲ့ ညီမလေးကြောင့် ကျမမှာ အားနာသလို မလုံမလဲဖြစ်သလို အပြစ်မကင်းသလို အမြဲခံစားခဲ့ရပါတယ် ...

တစ်ခါတလေတော့လည်း ညီမလေးက လနဲ့ချီပြီး ပျောက်သွားတတ်ပါတယ်၊ တစ်ခါတလေ ကျမကို မမြင်သလို သူ့ဘာသူပဲ သီချင်းလေး ညည်းနေသယောင် လုပ်နေတတ်တယ်၊

ဆေးရုံပေါ်မှာ ကျမဘေးလာရပ်နေတဲ့အချိန်က စလို့ ညီမလေးရဲ့စကားသံကို ကျမလုံးဝမကြားရတော့ပါဘူး၊ ပြောလည်းမပြောပါဘူး၊ ကျမသူ့ကို မြင်နေရတာလေး တစ်ခုပါပဲ ... ဘာဆက်သွယ်မှုမှ သူ့ဘက်က မလုပ်သလို တစ်ခါနှစ်ခါ စကားပြောကြည့်ပြီး သူက ဘာမှပြန်မတုံ့ပြန်တာကြောင့် ကျ

မလည်း လက်လျှော့ထားလိုက်ပါတော့တယ် ... ကျမ အထီးကျန်လွန်းတဲ့ အခါမျိုးမှာတော့ ကျမ သူ့ကို စကားတွေပြောပါတယ် ... နောက်ပိုင်းတော့ သူက အသံထွက်ပြီး မတုံ့ပြန်ပေမဲ့ ရယ်စရာပါရင် ရယ်တာ၊ ကျမဝမ်းနည်းနေရင် မျက်နှာလေးငယ်ပြီး နားထောင်နေတာမျိုးတော့ လုပ်တတ်ပါတယ် ...

တစ်ခါတလေဆို ကျမမှာ ညီမလေးဟာ ကွယ်လွန်ခဲ့ပြီဆိုတာကိုတောင် မယုံသင်္ကာတွေဖြစ်ပြီး အက်စီးဒင့်ကြောင့် ငါ့ညီမလေး စကားမပြောနိုင်ရှာ တော့တာများလားလို့တောင် ထင်ခဲ့မိဖူးပါတယ်ရှင် ...

နည်းနည်း အရွယ်ရောက်လာတော့ ညီမလေးဟာ လူမဟုတ်တော့ဘူးဆို တဲ့ အသိနဲ့ ကျမ ကြောက်စိတ်ဝင်လာခဲ့ပါတယ်၊ ဒါ့ကြောင့် ဘုရားစာတွေ ရွတ်တာ၊ တရားခွေတွေဖွင့်တာ၊ ရေမန်းတွေဖျန်းတာ လုပ်တော့တာပါပဲ ...

အဲဒီလိုဆို ညီမလေးဟာ တစ်ပတ်နှစ်ပတ်လောက် ပျောက်သွားပြန်တယ် ... နောက်တော့ အလွန်ကို အားအင်ချည့်နဲ့ ညှိုးငယ်နေတဲ့ပုံနဲ့ နွမ်းဖပ်ပြီး ပြန်ရောက်လာပြန်တာပါပဲ ...

တစ်ခါက နှစ်ခါဆိုတော့ ကျမလည်း သနားလာလို့ နေချင်လည်းနေတော့ ငယ်ငယ်ရယ်ဆိုပြီး ဒီလိုပဲ ထားလိုက်တော့တယ် ... အဲဒီအတိုင်းနေခဲ့တာ ကျမအသက် ၂၀ အထိပဲ ဆိုပါတော့။

ထူးဆန်းတာက ညီမလေးက ကျမအရွယ်အတိုင်း လိုက်ကြီးလာပါပဲ၊ ကျမအသက် ဆယ့်ခြောက်နှစ်အရွယ်မှာ ညီမလေးကလည်း အဲဒီအရွယ်ပဲ ... ကျမတို့က ရုပ်တအားတူတယ်၊ တစ်ခုပဲ ... ကျမက ပြည့်ဖြိုးတဲ့ပုံပေါက်ပြီး ညီမလေးက ပါးပါးသွယ်သွယ်လေး ဖြစ်နေတာ တစ်ခုပဲ၊ သူက ဖျော့တော့တော့နဲ့ လူမမာနဲ့တူတယ်၊ ကျမ သူ့ကို မြင်ရချိန်ဆို သူကလည်း ကျမဝတ်ထားတဲ့အဝတ်အစား အဆင်အပြင်အတိုင်းပါပဲ ...

ကျမ BF ရတော့ အသက် ၂၀၊ BF က psychiatric ပါ၊ ကျမက ကျောင်းတက်တုန်း အချိန်ပေါ့နော် ...

တွဲတာနည်းနည်းကြာပြီး တစ်ယောက်နဲ့တစ်ယောက် ယုံကြည်လာတဲ့ အခါမှာ ဆယ်စုနှစ်ကျော်အောင် မျိုသိပ်လာခဲ့ရတဲ့ ကျမရဲ့လျှို့ဝှက်ချက်ကြီး၊ ကျမရဲ့ဒုက္ခကြီးပဲ ပြောကြပါစို့ .... ညီမလေး ကိစ္စကို ဖွင့်ပြောပြလိုက်တော့ သူက အဲဒါ ညီမလေးရဲ့တစ္ဆေကို မြင်နေရတာ မဟုတ်ဘဲ ကျမရဲ့ မသိစိတ် Subconscious mind သာဖြစ်ပြီး treatment ယူဖို့လိုကြောင်း၊ ဒီလောက် နှစ်ကြာအောင် ခံစားနေရတာ ကျမမှာ အန္တရာယ်များကြောင်း၊ ညီမလေးက ခိုင်းတယ်ဆိုပြီး ပေါက်ကရတွေ လျှောက်မလုပ်ခဲ့တာတောင် ကံကောင်းကြောင်းပြောပြပြီး Treatment ယူဖို့ စပြီး တိုက်တွန်းလာခဲ့ပါတယ်၊ ကျမလည်း သူပြောတာ ကျိုးကြောင်းဆီလျော်နေတော့ ဇဝေဇဝါတွေ ဖြစ်တာက တစ်ကြောင်း၊ ကျမကို တစ်မျိုးထင်ပြီး ကျမတို့ RS ထိခိုက်လာမှာ မလိုလားတာကတစ်ကြောင်း Treatment ယူဖို့ လက်ခံခဲ့ပါတယ် ...

တကယ်တော့ ကျမက ညီမလေးဆုံးကထဲက ဘယ်ကလေးအဖော်နဲ့မဆော့တော့ဘဲ အိမ်ထဲမှာပဲ အရုပ်ဆွဲတာ စာဖတ်တာ တီဗွီကြည့်တာမျိုးတွေနဲ့ အချိန်ကုန်တာများပါတယ်၊ အပေါင်းအသင်းလည်း ထဲထဲဝင်ဝင် ရင်းနှီးတဲ့သူ မထားခဲ့ပါဘူး၊ ကျောင်းမှာလည်း လူတိုင်းနဲ့ တစ်ခွန်းမေး တစ်ခွန်းဖြေပါပဲ ...

ပြောချင်တာရှိရင် ညီမလေးရောက်လာရင် ပြောတယ်၊ သူကတော့ နားထောင်နေရုံပါပဲ ဘာမှ မတုံ့ပြန်ဖူးပါဘူး၊ သူပေါ်မလာရင် ကျမပြောချင်တာတွေ စာအုပ်ထဲ ချရေးတာမျိုးလုပ်တတ်ပါတယ်၊ ကျမ ဘဝတစ်လျှောက် ကျမအဖော်ဟာ အဖွားရယ်၊ စာအုပ်တွေရယ်၊ ညီမလေးရယ်၊ အဖေမွေးထားတဲ့ မြင်းတွေရယ် ... ဒါပဲရှိခဲ့တာပါ၊

BF ဆိုတာကလည်း အဖေ မိတ်ဆက်ပေးလို့ တွေ့တာမျိုးပါပဲ ... နောက်မှ သာ မမြင်ဖူးတော့ အရူးအမူး ဖြစ်သွားခဲ့တာပါ။

Treatment တွေက ဆေးသောက်တာအပြင် တရားထိုင်တာ ယောဂကျင့်တာ လူအများနဲ့ ဆက်ဆံရတဲ့ Activity တွေ ပါဝင်ရတာ အားကစားလုပ်တာမျိုးတွေပေါ့နော် ဒီလိုတွေ လုပ်ရပါတယ် ... ကျမကြိုးစားပြီး Anticipate လုပ်ခဲ့ပါတယ်၊ ညီမလေးကတော့ မကြာမကြာ ပေါ်လာနေတုန်းပါပဲ၊

အဲဒီလိုနဲ့ သုံးလေးလကြာခဲ့တာပေ့ါ၊ ကျမလဲ ညီမလေးကို မရှိသလို မမြင်သလို ကြိုးစားပြီး နေနေရတာပေ့ါလေ၊ စကားလည်း လုံးဝသွားမပြောတော့ဘူး၊ သူကတော့ အရင်လို သူ့ကိုတွေ့ရင် ဝမ်းသာအယ်လဲမဖြစ်တော့ဘဲ မမြင်ချင်ယောင်ဆောင်နေတဲ့ ကျမမျက်နှာကိုကြည့်ပြီး အံ့ဩဝမ်းနည်းနေပုံပဲ ...

နောက်ဆုံးတစ်နေ့ကတော့ ကျမအတွက် မမေ့နိုင်ခဲ့ဆုံးနေ့ပါပဲ ကျမဆေးသောက်နေတုန်း သူရောက်လာပြီး ဆေးတွေကို ကြည့်နေတယ်၊ ဘာတွေလဲလို့ သိချင်နေတဲ့ပုံပေါ်လို့ ကျမက သူ့ကို ငယ်ငယ်က တကယ်မရှိဘူးလို့ ကိုဦးက ပြောတယ်၊ ငယ်ငယ့်ကို မြင်နေရတာ မမ နေမကောင်း ဖြစ်နေတာတဲ့၊ ဒီဆေးတွေသောက်ရင် မမ ငယ်ငယ့်ကိုမြင်နေရတာ ပျောက်သွားမယ်လို့ပြောတယ် ဆိုပြီး သူ့ကို ပြောလိုက်မိပါတယ် ...

အဲဒီအချိန်တုန်းကတော့ BF ပြောသလို ကိုယ့်စိတ်ကဖြစ်နေတာ သူက တကယ်မရှိဘူးဆိုတာကို ယုံကြည်နေတော့ ခုလိုပြောလိုက်တာကလဲ ကျမလုပ်နေတာတခုကို ကိုယ့်ဘာကိုယ် အတည်ပြုတဲ့သဘောပဲ ပြောလိုက်မိတာပါ ...

လုံးဝမထင်မှတ်ထားတာကလေ ညီမလေးက ခုတင်ဘေးကို ထိုင်ချပြီး မျက်နှာကို လက်ဝါးထဲထည့်ပြီး ရှိုက်ကြီးတငင် ငိုတော့တာပါပဲ ...

ကျမမှာ ပြန်ချော့ရမလို မသိချင်ယောင်ဆောင်ရမလို ရုတ်တရက် ဗြာကို မျှားသွားတော့တာ ...

နောက်မှ စိတ်ကိုတင်းပြီး ငယ်ငယ်က တကယ်မရှိဘူး၊ ငယ်ငယ်ဆုံးတာ ဆယ့်ခြောက်နှစ်ရှိပြီ၊ မမ ဒီတိုင်းဆက်နေနေရင် ရူးသွားလိမ့်မယ်၊ ငယ်ငယ့်ကို မြင်နေရတာ မမ အဆင်မပြေတော့ဘူး၊ ဆက်မတွေ့ရ မမြင်ရတော့အောင် ဘာပဲဖြစ်ဖြစ် မမလုပ်မှာပဲ ... ငယ်ငယ်ရှိနေသေးတယ်ဆိုရင်လည်း မမနားကို မလာပါနဲ့တော့ ... မမအိမ်ထောင်ပြုတော့မယ်၊ မမ ပုံမှန်ဘဝလေးမှာပဲ ရှင်သန်သွားချင်တယ်၊ မမကို လူတွေက အရူးလိုဆက်ဆံကြတာကို ငယ်ငယ်မြင်ချင်လို့လား ... ဆိုပြီး ဆက်တိုက်ပဲအော်ဟစ်ပြောနေမိတော့တာပါပဲ ...

ညီမလေးဟာ ဘာမှ ပြန်မပြောရှာဘူး ... ဒါမှမဟုတ် ပြန်မပြောနိုင်ရှာဘူး၊ သူ့ခမျာ ကျမတတွတ်တွတ် ရွတ်နေတာတွေကို နာနာကျင်ကျင် ငေးကြည့်ရင်း မျက်ရည်တွေ တလိမ့်လိမ့်ကျနေရှာတယ်၊ ကျမဒေါသထွက်တာကို တစ်ခါမှ မမြင်ဖူးခဲ့တော့ ကြောက်လို့လား စိတ်ထိခိုက်လွန်းလို့လားတော့ မပြောတတ်ဘူး တစ်ကိုယ်လုံး တုန်နေရှာတာပါပဲ ...

ကျမက ငယ်ငယ် အခုထွက်သွားလို့ အော်တော့ မျက်ရည်တွေကြားကနေကျမကို နောက်ဆုံးတစ်ကြိမ် ဝမ်းနည်းလွန်းတဲ့ပုံနဲ့ စူးစူးရဲရဲ စိုက်ကြည့်တယ် ... အဲဒီအကြည့်ကို ကျမတစ်သက်မမေ့တော့ပါဘူး ...

နောက် ရုတ်တရက်ထပြီး လှေကားကနေ တဒုန်းဒုန်း ပြေးဆင်းသွားတော့တာပါပဲ ...

အဲဒီအချိန် ကျမကြောင်ငေးနေတုန်း အဖွားက အောက်ထပ်မီးဖိုထဲကနေ လှေကားပေါ်က ဘာလို့ပြေးဆင်းတာလဲ မီးမီးရေ၊ ဆူညံနေတာပဲ ဘယ်သူနဲ့ ဖုန်းပြောနေတာလဲလို့ လှမ်းအော်လိုက်တဲ့အသံဟာ ကျမနားထဲကို

မိုးကြိုးပစ်ချလိုက်သလို ...

စိတ်ထဲမှာ ဟာ သွားပြီ မှားပြီ ဆိုတဲ့ခံစားချက်ဟာ ဘာနဲ့မှ ဖော်ပြလို့မရအောင်ပါပဲ၊

ညီမလေးသေသွားပြီလို့ လာပြောကြတုန်းက ဘေးမှာ ညီမလေးကရှိနေခဲ့တာမို့ ဘာမှသိပ်မခံစားခဲ့ရတဲ့ကျမဟာ အဲဒီနေ့က ညီမလေး တကယ်ကို အခုမှ သေဆုံးသွားသလို ခံစားခဲ့ရပါတယ် ...

အရူးလို့အထင်ခံရမှာကြောက်လို့ ပုံမှန် RS ပုံမှန် life ပုံမှန် marriage မရနိုင်မှာကြောက်လို့ ... ကျမဘဝရဲ့တစ်ဦးတည်းသော ညီမလေး အားကိုးရာမဲ့ရှာတဲ့ ကံဆိုးရှာတဲ့ ကျမရဲ့ ညီမလေးကို တကယ်မရှိဘူးလို့ ကျမကိုယ်ကျမလိမ်ပြီး ရက်ရက်စက်စက် ကျမမောင်းထုတ်ပစ်ခဲ့မိပါပြီ ...

ညီမလေးကိုမြင်နေရလို့ ရူးသွားမှာ ကြောက်တဲ့ကျမ၊ ညီမလေးကို နောင်ဘယ်သောအခါမျှ မမြင်ရတော့ဘူးလို့ အသိဝင်လာတဲ့အခါ အရူးလိုအော်ဟစ်ငိုကြွေးရင်း သတိပါ လစ်သွားခဲ့ရပါတော့တယ် ...

***